**ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုသလမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ကိုယ်စားလှယ်များ ရခိုင်ပြည်နယ်သို့ သွားရောက်**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်၍ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ပါဝင်သည့် ပူးတွဲကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ UNDP နှင့် UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ ရေးထိုးအပြီးတွင် ပထမဆုံး သွားရောက်သည့် ခရီးစဉ်ဖြစ်ပါသည်။ ဤနားလည်မှု စာချွန်လွှာကို ဒုက္ခသည်များ ၎င်းတို့၏ ဆန္ဒသဘောထားနှင့်အညီ၊ အန္တရာယ်ကင်းစွာ၊ သိက္ခာရှိရှိ၊ စဉ်ဆက်မပြတ် ပြန်လာစေနိုင်မည့် အခြေအနေကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။

ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေနှင့် မောင်တောမြို့များရှိ အကြီးတန်း အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြပါသည်။ ထို့ပြင် မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များရှိ ကျေးရွာများတွင် နေထိုင်နေကြသော အသိုက်အဝန်းများအားလုံးနှင့် တွေ့ဆုံခဲ့ကြပါသည်။ ယင်းကဲ့သို့ သွားရောက်ရသည့် ရည်ရွယ်ချက်မှာ မတူညီသော အသိုက်အဝန်း အသီးသီး၏ အခြေအနေများနှင့် ပတ်သက်၍ သိရှိနိုင်ရန် ကနဦး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါ အခြေအနေများကို တိုးတက်ကောင်းမွန်စေရန်နှင့် ၎င်းတို့ ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် အသက်မွေးဝမ်းကျောင်း ရရှိရေး၊ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အကာအကွယ် ရရှိရေးတို့ကို ကူညီဖြေရှင်းပေးနိုင်ရန် နည်းလမ်းများနှင့် အဆိုပါ နည်းလမ်းများကို UNDP နှင့် UNHCR တို့မှ မည်သို့ ကူညီဆောင်ရွက် ပေးနိုင်မည်ကို မြန်မာနိုင်ငံအစိုးရနှင့် တိုင်ပင်ဆွေးနွေးရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

UNHCR ၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးသည် ၎င်း၏ ခရီးစဉ်အတွင်း နေပြည်တော်ရှိ အကြီးတန်း အစိုးရအဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံစဉ် သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာကို အမြန်ဆုံး ရှေ့ဆက် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်းနှင့် မြင်သာထင်သာသော ရလဒ်များ အမြန်ဆုံး ရရှိရန် အရေးကြီးကြောင်းကို သဘောတူ လက်ခံခဲ့ကြပါသည်။